# ကမ္ဘောဇဘဏ် လုံခြုံမှုသေတ္တာ (SAFE DEPOSIT LOCKER) ငှားရမ်းသည့်

# စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်၏ လုံခြုံမှုသေတ္တာ (Safe Deposit Locker) ငှားရမ်းခြင်း ဝန်ဆောင်မှုအား ရယူအသုံးပြုကြမည့် လူပုဂ္ဂိုလ်များ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် အောက်ဖော်ပြပါစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အတိအကျ လိုက်နာကြရမည် ဖြစ်သည်။ ကမ္ဘောဇဘဏ်၏ လုံခြုံမှုသေတ္တာ (Safe Deposit Locker)ငှားရမ်းခြင်း ဝန်ဆောင်မှုအား တောင်းခံခြင်း သို့မဟုတ် ယင်းအား ငှားရမ်းသူကိုယ်စား အခြားသူတစ်ဦးဦးအား အသုံးပြုစေရန်ခွင့်ပြုခြင်းများသည် ငှားရမ်းသူအနေဖြင့် အခါအားလျော်စွာပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာရန် အသိအမှတ်ပြုလက်ခံခြင်းပင် ဖြစ်သည်။

## ၁။ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁.၁။ **"အလုပ်ဖွင့်ရက်"** ဆိုသည်မှာ မြန်မာနိုင်ငံရှိ စနေနေ့၊ တနင်္ဂနွေနေ့၊ အများပြည်သူအလုပ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက် မဟုတ်သည့် နေ့ရက်များကိုဆိုလိုခြင်းဖြစ်သည်။

၁.၂။ **"ငှားရမ်းသူ သို့မဟုတ် Customer"** ဆိုသည်မှာ ကမ္ဘောဇဘဏ်၏ လုံခြုံမှုသေတ္တာ (Safe Deposit Locker) ကို ငှားရမ်းအသုံးပြုမည့် သုံးစွဲသူများကို ဆိုလိုပါသည်။

၁.၃။ **"ဗဟိုဘဏ်"** ဆိုသည်မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဆိုလိုခြင်းဖြစ်သည်။

၁.၄။ **"ကမ္ဘောဇဘဏ်"** ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက်နှင့် အနာဂတ်တွင် ကမ္ဘောဇဘဏ်မှတည်ထောင်မည့် ဘဏ်ခွဲများအပါအဝင် ယခုလက်ရှိဘဏ်ခွဲများအားလုံးကို ဆိုလိုသည်။

၁.၅။ **"KYC"** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့်/သို့ အခြားအခွင့်အာဏာပိုင်များမှ ထုတ်ပြန်ထားသော "သင်၏ဖောက်သည်ကို သိပါ" ဟူသော မှတ်ပုံတင်ရန် လိုအပ်ချက်များကို ဆိုလိုသည်။

၁.၆။ "**အခကြေးငွေဇယား**" ဆိုသည်မှာ ကမ္ဘောဇဘဏ်၏ဆုံးဖြတ်ချက်အရ အချိန်နှင့်အမျှပြောင်းလဲနိုင်သည့် ကမ္ဘောဇဘဏ်က ကောက်ခံသော အခကြေးငွေစာရင်းကို ဆိုလိုသည်။

၁.၇။ **"Website"** ဆိုသည်မှာ www.kbzbank.com လိပ်စာရှိ ကမ္ဘောဇဘဏ်၏ website ကို ဆိုလိုသည်။

## ၂။ ကမ္ဘောဇဘဏ်၌ လုံခြုံမှုသေတ္တာ (SAFE DEPOSIT LOCKER) အား ငှားရမ်းအသုံးပြုခွင့်ပေးခြင်း

ကမ္ဘောဇဘဏ်တွင် စာရင်းရှင်စာရင်း ဖွင့်လှစ်ထားသူများကိုသာ လုံခြုံရေးအတွက်အပ်နှံသည့် လုံခြုံမှုသေတ္တာများကို ငှားရမ်းမည်ဖြစ်သည်။ ငှားရမ်းရာတွင် လုံခြုံမှုသေတ္တာအတွင်းရှိ ပစ္စည်းများကို **မမြင်မသိသော အတွင်းပစ္စည်းများ** (Unknown Content) အဖြစ် ကမ္ဘောဇဘဏ်မှ မှတ်ယူမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် လုံခြုံမှုသေတ္တာများကို တစ်ဦးချင်း နှင့်/သို့မဟုတ် နှစ်ဦး သို့မဟုတ် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများကဲ့သို့ တစ်ဦးထက်ပိုသောသူများမှ တွဲဖက်၍လုံခြုံမှုသေတ္တာများကို ငှားရမ်းနိုင်ပါသည်။ လုံခြုံမှုသေတ္တာများကို သာမန်အားဖြင့် ဘဏ်အလုပ်ချိန်တွင်း၌သာ ဖွင့်လှစ်အသုံးပြုခွင့်ပြုမည်ဖြစ်ပါသည်။ ထိုသို့ ဖွင့်လှစ်ရာတွင် ငှားရမ်းသူကိုယ်တိုင်သော်လည်းကောင်း၊ ငှားရမ်းသူကစနစ်တကျ စေလွှတ်ခြင်းခံရသော ကိုယ်စားလှယ်ကသော် လည်းကောင်း လျှောက်ထား ဖွင့်လှစ်ရမည် ဖြစ်သည်။ စနစ်တကျစေလွှတ်ခြင်းခံရသော ကိုယ်စားလှယ် သည် ဘဏ်သို့ လာရောက်သည့်အခါတိုင်း ငှားရမ်းသူ(များ)၏ ကိုယ်စားလှယ်လွှဲစာ တစ်ပါတည်း ယူဆောင်လာရမည်။ တွဲဖက် ငှားယူသူများအတွက်မူ လုံခြုံမှုသေတ္တာ ဖွင့်လှစ်အသုံးပြုခွင့်အား တွဲဘက်၍သော်လည်းကောင်း (All person will sign) ၊ တစ်ဦးချင်းသော်လည်းကောင်း (One person will sign) ဘဏ်တွင် ပေးထားသည့် Signing Instruction အတိုင်း ဖွင့်လှစ်ခွင့်ရရှိနိုင်သည်။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားသော စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း လုံခြုံမှုသေတ္တာ ဖွင့်လှစ်အသုံးပြုခွင့်အား ဘဏ်တွင် ပေးထားသည့် Signing Instruction အတိုင်းသာ ဖွင့်လှစ်ခွင့်ရရှိမည် ဖြစ်ပါသည်။

## ၃။ ငှားရမ်းသူ၏ တာဝန်ဝတ္တရားများ

၃.၁။ ကမ္ဘောဇဘဏ်၏ လုံခြုံမှုသေတ္တာအား ငှားရမ်းမည့် ငှားရမ်းသူသည် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော သက်ဆိုင်ရာ ပုံစံအားလုံးကိုဖြည့်စွက်ကာ ဘဏ်မှ တောင်းခံသည့် လိုအပ်သောစာရွက်စာတမ်းအားလုံးကို ဘဏ်သို့ ပေးရမည်။ ကမ္ဘောဇဘဏ်သည် ငှားရမ်းသူပေးသော အချက်အလက်များနှင့် စာရွက်စာတမ်းများအားလုံး မှန်ကန်၊ တိကျပြီးငှားရမ်းသူမှ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိသော အချက်အလက်များအား ပေးခြင်းဖြစ်သည် ဟု ယူဆမည်ဖြစ်သည်။

၃.၂။ ငှားရမ်းသူသည် အမျိုးသားမှတ်ပုံတင်ကတ် (NRC) သို့မဟုတ် သက်တမ်းကျန်ရှိသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် အစိုးရထုတ်ပေးထားသည့် အသိအမှတ်ပြုကတ် တစ်ခုကို တင်ပြနိုင်ရမည်။

၃.၃။ ငွေစုသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ပြီး လုံခြုံမှုသေတ္တာအား ငှားရမ်းရန် ပဋိညာဉ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

၃.၄။ နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသော အသက် ၁၈ နှစ်ပြည့်ပြီးသူများသည် လုံခြုံမှုသေတ္တာကို တွဲဖက်၍ ငှားရမ်းနိုင်သည်။

၃.၅။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားသော စီးပွားရေးလုပ်ငန်းများသည်လည်း လုံခြုံမှုသေတ္တာကို ငှားရမ်းအသုံးပြုနိုင်သည်။

၃.၆။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် အခြားသော စီးပွားရေးလုပ်ငန်းများအနေဖြင့် လုံခြုံမှုသေတ္တာအား ငှားရမ်းမည်ဆိုပါက စီးပွားရေးလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့များသည် မြန်မာနိုင်ငံအတွင်းတည်ရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှတ်ပုံတင်ထားပြီးဖြစ်ရမည် ဖြစ်သည်။ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် လုံခြုံမှုသေတ္တာအား ငှားရမ်းမည်ဆိုပါက လိုအပ်သော စာရွက်စာတမ်းများအား ပေးရမည်ဖြစ်သည်။

၃.၇။ လူတစ်ဦး၏အမည်ဖြင့် ငှားရမ်းထားသော လုံခြုံမှုသေတ္တာကို ထိုပုဂ္ဂိုလ်တစ်ဦးတည်းကသာ ဆောင်ရွက်ရမည်။ ထိုသို့ ဖွင့်လှစ်ရာတွင် ငှားရမ်းသူက သော်လည်းကောင်း၊ ငှားရမ်းသူကစနစ်တကျ စေလွှတ်ခြင်းခံရသော ကိုယ်စားလှယ်က သော်လည်းကောင်း လုံခြုံမှုသေတ္တာကို ဖွင့်လှစ် အသုံးပြုခွင့်ရှိသည်။ စနစ်တကျစေလွှတ်ခြင်းခံရသော ကိုယ်စားလှယ်သည် ဘဏ်သို့ လာရောက်သည့်အခါတိုင်း ငှားရမ်းသူ(များ)၏ ကိုယ်စားလှယ်လွှဲစာ တစ်ပါတည်း ယူဆောင်လာရမည်။ တွဲဖက် ငှားရမ်းယူသူများသည် လုံခြုံမှုသေတ္တာ ဖွင့်လှစ် အသုံးပြုခွင့်အား တွဲဘက်၍သော်လည်းကောင်း (All person will sign) ၊ တစ်ဦးချင်းသော်လည်းကောင်း (One person will sign) ဘဏ်တွင် ပေးထားသည့် Signing Instruction သဘောတူထားသည့်အတိုင်း ဖွင့်လှစ်ခွင့်ရရှိမည် ဖြစ်ပါသည်။

၃.၈။ အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ငှားရမ်းထားသော လုံခြုံမှုသေတ္တာကို ဖွင့်လှစ်အသုံးပြုခွင့်အား ဘဏ်တွင် ပေးထားသည့် Signing Instruction အတိုင်း လုံခြုံမှုသေတ္တာကို ဖွင့်လှစ် အသုံးပြုခွင့်ရှိသည်။

၃.၉။ လုံခြုံမှုသေတ္တာများကို စာချုပ်စာတမ်းများ၊ လက်ဝတ်ရတနာများနှင့် အခြားအဖိုးတန်ပစ္စည်းများကို ထားရှိရန်အတွက် အသုံးပြုခြင်းမှအပ အခြားကိစ္စရပ်များအတွက်အသုံးမပြုပါ။ ဥပဒေနှင့်ဆန့်ကျင်သော ကိစ္စရပ်များအတွက် လုံခြုံမှုသေတ္တာများအား အသုံးမပြုရပါ။ ပေါက်ကွဲတတ်သော (သို့မဟုတ်) ပျက်ဆီးစေနိုင်သော သဘောရှိသည့် အရာဝတ္ထုများကို မည်သည့်အကြောင်းကြောင့်မဆို ထားရှိခြင်းမပြုရ။ ဤစည်းကမ်းချက်ကို ငှားရမ်းသူက

ဖောက်ဖျက်သည့်အတွက် ကမ္ဘောဇဘဏ်တွင်တစ်စုံတစ်ရာ ဆုံးရှုံးခြင်း (သို့မဟုတ်) ပျက်ဆီးခြင်း ပေါ်ပေါက်လျှင် ထိုသို့သော ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းများအားလုံးအတွက် ငှားရမ်းသူတွင် လုံးဝတာဝန်ရှိစေရမည်။

၃.၁၀။ လုံခြုံမှုသေတ္တာ၏ သော့များအား လုံခြုံစွာသိမ်းထားရန်မှာ ငှားရမ်းသူ၏ တာဝန်သာဖြစ်သည်။ ငှားရမ်းသူသည် လုံခြုံမှုသေတ္တာ၏ သော့များအား ထပ်ဆင့်ပွားယူခြင်းမပြုလုပ်ရပါ။

၃.၁၁။ ငှားရမ်းသူသည် လုံခြုံမှုသေတ္တာ၏သော့များအား လုံခြုံစွာသိမ်းထားရန်နှင့် အခြားသူတစ်ဦးဦးမှ အလွဲသုံးစား လုပ်ခြင်းမှ ကာကွယ်ရန် ကျိုးကြောင်းဆီလျော်သော ကြိုတင်ကာကွယ်မှုများအားလုံးကို ပြုလုပ်ရပါမည်။ လုံခြုံမှု သေတ္တာသော့များ အားလုံးသည် အချိန်တိုင်းတွင် ကမ္ဘောဇဘဏ်မှပိုင်ဆိုင်သော ပစ္စည်းဖြစ်သည်။

၃.၁၂။ လုံခြုံမှုသေတ္တာ၏ သော့များ ငှားရမ်းသူထံတွင် ပျက်စီးခြင်း သို့မဟုတ် အခိုးခံရခြင်း သို့မဟုတ် ပျောက်ဆုံးပါက ငှားရမ်းသူသည် ကမ္ဘောဇဘဏ်အားချက်ချင်း အကြောင်းကြားရမည်။ လုံခြုံမှုသေတ္တာကို ငှားရမ်းသူ၏ မျက်မှောက်တွင် ဖောက်ဖျက်လျက် အတွင်းရှိပစ္စည်းကို အခြား လုံခြုံမှုသေတ္တာတစ်ခုအတွင်းသို့ လုံခြုံရေးအတွက် ပြောင်းရွှေ့ ထားရှိရမည်။ လုံခြုံမှုသေတ္တာဖောက်ဖျက်ခ၊ ပျောက်ဆုံးသွားသော သော့များအတွက် သော့အသစ်လဲလှယ်ခနှင့် သော့အိမ်အသစ်တပ်ဆင်ခများအားလုံးကို ငှားရမ်းသူကကျခံရမည်ဖြစ်ပြီး ကျသင့်ငွေ များအား ငှားရမ်းသူက ပေးဆောင်ရမည်ဖြစ်ပါသည်။

၃.၁၃။ လုံခြုံမှုသေတ္တာကိုလည်းကောင်း၊ ထိုလုံခြုံမှုသေတ္တာ၏ သော့အိမ်ကိုလည်းကောင်း၊ သော့များကို လည်းကောင်း၊ ပြင်ဆင်ရန်လိုအပ်ပါက ကမ္ဘောဇဘဏ်မှခန့်အပ်ထားသော အလုပ်သမားများဖြင့်သာ ငှားရမ်းသူရှေ့မှောက်တွင် ပြင်ဆင်မည် ဖြစ်သည်။

၃.၁၄။ ငှားရမ်းသူသည် ဤစာချုပ်အရ ထိုလုံခြုံမှုသေတ္တာကို ငှားရမ်းသော အချိန်ကာလအတွင်း စာချုပ်ပါစည်းကမ်းချက်များ နှင့်အညီ အသုံးပြုနိုင်ခွင့် နှင့် ဖွင့်နိုင်ခွင့်ရှိမည်ဖြစ်သော်လည်း ပိုင်ဆိုင်ခွင့်မရှိပါ။ ဤစာချုပ်အရငှားရမ်းသော အချိန်ကာလအတွင်း စာချုပ်ပါစည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ သီးသန့်အသုံးပြုနိုင်ခွင့်နှင့် ဖွင့်နိုင်ခွင့်မျှသာ ရရှိသည်။ ထိုလုံခြုံမှုသေတ္တာကိုဖြစ်စေ၊ ထိုလုံခြုံမှုသေတ္တာ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းခြင်းကိုသော် လည်းကောင်း၊ တဆင့်ငှားရမ်းခြင်းကိုသော် လည်းကောင်း ကမ္ဘောဇဘဏ်က ခွင့်မပြုပါ။

၃.၁၅။ လူတစ်ဦး၏အမည်ဖြင့် ငှားရမ်းထားသော လုံခြုံမှုသေတ္တာကို ထိုပုဂ္ဂိုလ်တစ်ဦးတည်းကသော် လည်းကောင်း၊ ငှားရမ်းသူကစနစ်တကျ စေလွှတ်ခြင်းခံရသော ကိုယ်စားလှယ်ကသော် လည်းကောင်း၊ သော့ပိတ်သေတ္တာငယ် (Locker) ကို ဖွင့်လှစ် အသုံးပြုခွင့်ရှိသည်။ စနစ်တကျစေလွှတ်ခြင်းခံရသော ကိုယ်စားလှယ် သည် ဘဏ်သို့ Visit လာရောက်သည့်အခါတိုင်း ငှားရမ်းသူ၏ ကိုယ်စားလှယ်လွှဲစာ တစ်ပါတည်း ယူဆောင်လာရမည်။

တွဲဖက်ငှားရမ်းသည့် ကိစ္စတွင် ကိုယ်စားလှယ်ခန့် ထားရန် တွဲဖက်သူ အားလုံး၏ သဘောတူညီချက်ကို လိုအပ်ပါသည်။ သို့ရာတွင် အငှားစာချုပ်အရ လုံခြုံမှု သေတ္တာငယ်ကို တစ်ဦးချင်းမဟုတ်ဘဲ တွဲဘက်၍သာ ဖွင့်လှစ်ခွင့်ပြုသည့်(All person will sign) ဖြစ်ပါက ကိုယ်စားလှယ်အား တစ်ဦးတည်းသေတ္တာငယ်ကို ဖွင့်လှစ်ခွင့်ပေးမည် မဟုတ်ပါ။

၃.၁၆။ ငှားရမ်းခများကို မပျက်မကွက် ကြိုတင်၍ ပေးဆောင်ရမည်။ ဘဏ်မှ တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ ငှားရမ်းခများကို ပေးသင့်ချိန်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ၎င်းလုံခြုံမှုသေတ္တာငယ်ဖွင့်ခြင်းကို ငြင်းပယ်နိုင်ခွင့်ဘဏ်၌ ရှိစေရ မည်။ တွဲဖက်ငှားယူသည့်ကိစ္စတွင် ထိုသို့သော ငှားရမ်းခများ အားလုံးကိုပေးရန် တစ်ဦးချင်းတွင်လည်းကောင်း၊ တွဲဖက်၍သော် လည်းကောင်း တာဝန်ရှိစေရမည်။

## ၄။ ကမ္ဘောဇဘဏ်၏ အခွင့်အရေးများ

၄.၁။ ငှားရမ်းသူက ကမ္ဘောဇဘဏ်သို့ပေးဆောင်ရန် တင်ရှိသောအကြွေးများအားလုံးအတွက် ငှားရမ်းသူမှ ငှားရမ်းထားသော လုံခြုံမှုသေတ္တာအတွင်းရှိ ပစ္စည်းများအားလုံးကို ကမ္ဘောဇဘဏ်ကလက်ဝယ်ထားပိုင်ခွင့်ရှိသည်။ ထိုအကြွေးကို ပေးချိန်တန်ပါလျက် မပေးဆောင်လျှင် ထိုလုံခြုံမှုသေတ္တာအတွင်းရှိ ပစ္စည်းအားလုံးကိုလည်းကောင်း၊ တစိတ်တဒေသကိုသော်လည်းကောင်း ရောင်းချ၍ ထိုအကြွေးကို ရယူပိုင်ခွင့်ရှိသည်။

၄.၂။ ကမ္ဘောဇဘဏ်ကတောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ လုံခြုံမှုသေတ္တာ ငှားရမ်းသူသည် ငှားရမ်းခပေးရန် ပျက်ကွက်ပါက (သို့မဟုတ်) ဤသဘောတူညီချက်ပါ စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ပါက ကမ္ဘောဇဘဏ်သည် ငှားရမ်းသူအပေါ်တွင် လိုအပ်သလို အရေးယူနိုင်ခွင့်များရှိသည်။

၄.၃။ ကမ္ဘောဇဘဏ်မှ ငှားရမ်းသူအား မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားပြရန် တောင်းဆိုသောအခါတွင် ငှားရမ်းသူမှ ပျက်ကွက်ပါက ငှားရမ်းသူ၏ လုံခြုံမှုသေတ္တာအား အသုံးပြုခွင့် သို့မဟုတ် ဖွင့်ခွင့်ကို ကမ္ဘောဇဘဏ်မှ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄.၄။ ကမ္ဘောဇဘဏ်သည် ငှားရမ်းသူ၏ လုံခြုံမှုသေတ္တာငှားရမ်းခြင်းအား မည်သည့်အကြောင်းကြောင့်မဆို ငှားရမ်းရန် ငြင်းပယ်နိုင်သည်။

## ၅။ ကမ္ဘောဇဘဏ်၌ လုံခြုံမှုသေတ္တာနှင့်ပတ်သက်၍ ဆောင်ရွက်ခွင့်ပြုချိန်

ကမ္ဘောဇဘဏ်သည် ငှားရမ်းသူများ၏ ငှားရမ်းထားသော လုံခြုံမှုသေတ္တာများကို သာမာန်အားဖြင့် ဘဏ်အလုပ်ချိန်အတွင်း၌သာ အသုံးပြုခွင့်နှင့် ဖွင့်ခွင့်ပေးမည်။ ထိုသို့ အသုံးပြုခွင့်နှင့် ဖွင့်ခွင့်ကို လူတစ်ဦး၏အမည်ဖြင့် ငှားရမ်းထားသော လုံခြုံမှုသေတ္တာအား ထိုပုဂ္ဂိုလ်တစ်ဦးတည်းကသော် လည်းကောင်း၊ ငှားရမ်းသူကစနစ်တကျ စေလွှတ်ခြင်းခံရသော ကိုယ်စားလှယ်ကသော် လည်းကောင်း၊ သော့ပိတ်သေတ္တာငယ် (Locker) ကို ဖွင့်လှစ် အသုံးပြုခွင့်ရှိသည်။ တွဲဖက် ငှားရမ်းယူသူများသည် လုံခြုံမှုသေတ္တာ ဖွင့်လှစ် အသုံးပြုခွင့်အား တွဲဘက်၍သော်လည်းကောင်း

(All person will sign) ၊ တစ်ဦးချင်းသော်လည်းကောင်း (One person will sign) ဘဏ်တွင် ပေးထားသည့် Signing Instruction သဘောတူထားသည့်အတိုင်း ဖွင့်လှစ်ခွင့်ရရှိမည် ဖြစ်ပါသည်။ အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ငှားရမ်းထား သော လုံခြုံမှုသေတ္တာကို ဖွင့်လှစ်အသုံးပြုခွင့်အား ဘဏ်တွင် ပေးထားသည့် Signing Instruction အတိုင်း လုံခြုံမှုသေတ္တာကို ဖွင့်လှစ်အသုံးပြုခွင့်ရှိသည်။

## ၆။ ငှားရမ်းခ သတ်မှတ်ချက်များ

ငှားရမ်းခများကို မပျက်မကွက်ကြိုတင်၍ ပေးဆောင်ရမည်။ ကမ္ဘောဇဘဏ်မှတောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ ငှားရမ်းခများကို ပေးသင့်ချိန်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့် ငှားရမ်းသူ၏ လုံခြုံမှုသေတ္တာဖွင့်ခြင်းကို ငြင်းပယ်နိုင်ခွင့် ကမ္ဘောဇဘဏ်တွင် ရှိစေရမည်။ တွဲဖက်ငှားရမ်းသည့်ကိစ္စတွင် ထိုသို့သောငှားရမ်းခများအားလုံးကိုပေးရန် တစ်ဦးချင်းတွင်လည်းကောင်း၊ တွဲဘက်၍လည်းကောင်း တာဝန်ရှိစေရမည်။ ငှားရမ်းခပေးသွင်းရန်အတွက် ပျက်ကွက်ပါက ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားရှိသည့် လုံခြုံမှုသေတ္တာ ငှားရမ်းသူ(များ)၏ မည်သည့်ငွေစာရင်းအမျိုးအစားကမဆို နှုတ်ယူဖြတ်တောက်ပိုင်ခွင့်ရှိသည်။ ငှားရမ်းသူ(များ)၏ ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်ထားရှိသည့် ငွေစာရင်းအမျိုး အစားတိုင်းတွင် ငှားရမ်းခ နှုတ်ယူဖြတ်တောက်ရန်အတွက် လက်ကျန်ငွေပမာဏ လုံလောက်စွာ မကျန်ရှိပါက ငှားရမ်းသူထံသို့ စာချုပ်သက်တမ်းပြည့်ပြီးနောက် (၂)လ အတွင်း လုံခြုံမှုသေတ္တာအား ဆက်လက် ငှားရမ်းလိုမှုရှိမရှိနှင့် ကျန်ရှိသော ငှားရမ်းခများအား ပေးသွင်းရန်အတွက် ငှားရမ်းသူသို့ ဖုန်းခေါ်ဆိုခြင်းဖြင့် (သို့မဟုတ်) လိပ်စာမှ အကြောင်းကြား စာပေးပို့ခြင်းဖြင့်( ဖုန်းနံပါတ်ပေးထားခြင်းမရှိပါက(သို့) ဖုန်းဖြင့် ဆက်သွယ်၍မရပါက) ဆက်သွယ် အကြောင်းကြား မည်ဖြစ်သည်။ ငှားရမ်းသူထံ (၂) လအတွင်း ဆက်သွယ် အကြောင်းကြားသော်လည်း ငှားရမ်းသူမှ ငှားရမ်းခပေးသွင်းရန် ဆက်လက် ပျက်ကွက်နေပါက (၂)လပြည့်ပြီး နောက်(၆)လ (သို့မဟုတ်) ငှားရမ်းသူအား ကမ္ဘောဇဘဏ်မှ (၂) လအတွင်း ဆက်သွယ်၍မရရှိပါက (၂)လပြည့်ပြီး နောက်(၆)လ ငှားရမ်းသူဆက်သွယ်လာရန် စောင့်ဆိုင်းမည်ဖြစ်သည်။ ထို (၆)လအတွင်း ငှားရမ်းခပေးသွင်းရန် ဆက်လက်၍ ပျက်ကွက်နေပါက ငှားရမ်းသူမှ ငှားရမ်းခပေးသွင်းရန် စောင့်ဆိုင်းကာလ (၆)လပြည့်ပြီးသည့်နောက်တွင် ကမ္ဘောဇဘဏ်၏ Official website (သို့မဟုတ်) သတင်းစာများတွင် ငှားရမ်းခပေးသွင်းရန် တရားဝင်ကြေညာမည်ဖြစ်ပြီး ယင်းတရားဝင်ကြေညာပြီးနောက် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော အချိန်ကာလတစ်ခုကြာသည့်တိုင် ငှားရမ်းသူမှ ဆက်သွယ်လာခြင်းမရှိပါက

ငွားရမ်းသူ(များ)၏ လုံခြုံမှုသေတ္တာအား ငွားရမ်းသူ(များ)၏ခွင့်ပြုချက်မလိုပဲ ဖွင့်ပိုင်ခွင့်ရှိသည်ကို ငွားရမ်းသူမှ သိရှိနားလည် သဘောတူလက်ခံပါသည် ။ ကမ္ဘောဇဘဏ် ငွားရမ်းခသတ်မှတ်ချက်များအား မည်သည့်အချိန်တွင်မဆို မည်သည့် အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်း၏ ဆုံးဖြတ်ပိုင်ခွင့်ဖြင့် ပြင်ဆင်ပြောင်းလဲ သတ်မှတ်နိုင်သည်။

## ၇။ လိပ်စာပြောင်းလဲခြင်း

လိပ်စာအပြောင်းအလဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်သို့ ငွားရမ်းသူက စာဖြင့်ရေးသားဖော်ပြ အသိပေးမှုမရှိခြင်းနှင့် ထိုသို့ရေးသားဖော်ပြမှု မရှိမချင်း ကမ္ဘောဇဘဏ်သည် အသုံးပြုသူ၏ အီးမေးလ်လိပ်စာဟူ၍သာ ကန့်သတ်ထားမှု မရှိသော်လည်း ယင်းအပါအဝင်ဖြစ်သည့် ကမ္ဘောဇဘဏ်၏ မှတ်တမ်းများတွင်ရှိသော ငွားရမ်းသူ၏ လိပ်စာကို ငွားရမ်းသူထံသို့ ပေးပို့မည့် ဆက်သွယ်မှုမှန်သမျှအတွက် အသုံးပြုသွားမည်ဖြစ်ပြီး၊ ထိုသို့သော အသိပေး အကြောင်းကြားမှုပေါ်တွင်မူတည်၍ ကမ္ဘောဇဘဏ်တွင် ကျိုးကြောင်းဆီလျော်သော လုပ်ပိုင်ခွင့်များ ရှိမည်ဖြစ်သည်။ ငွားရမ်းသူ၏ နေရပ်လိပ်စာအပြောင်းအလဲဟူသမျှကို ကမ္ဘောဇဘဏ်သို့ အကြောင်းကြားရမည်။ ငွားရမ်းသူ၏ မှတ်ပုံတင်ပြီး လိပ်စာအတိုင်း စာတိုက်မှပေးပို့သည့် နို့တစ်စာနှင့်အကြောင်းကြားစာတို့သည် နည်းလမ်းတကျ ချအပ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

## ၈။ ငွားရမ်းမှုအားရပ်စဲခြင်းနှင့် ရုပ်သိမ်းခြင်း

၈.၁။ ငွားရမ်းသည့်ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့ရက်မတိုင်မီ (၇)ရက်ကြိုတင်၍ ကမ္ဘောဇဘဏ်သို့စာဖြင့် အသိပေး အကြောင်းကြားခြင်းဖြင့် ငွားရမ်းသူကသော်လည်းကောင်း၊ ကမ္ဘောဇဘဏ်ကသော်လည်းကောင်း စာချုပ်ကို ရပ်စဲနိုင်သည်။ ငွားရမ်းသူမှ လုံခြုံမှုသေတ္တာငှားရမ်းအသုံးပြုခြင်းအား ငှားရမ်းသည့် သက်တမ်းမကုန်ဆုံးမီ ရပ်စဲလိုလျှင် ငှားရမ်းသူအား လုံခြုံမှုသေတ္တာငှားရမ်းအသုံးပြုသည့် ငှားရမ်းခ ကြိုတင်ပေးသွင်းငွေအား ကမ္ဘောဇဘဏ်မှ ပြန်အမ်းပေးမည် မဟုတ်ပါ။ ထိုသို့ စာချုပ်ရပ်စဲသည့်ကိစ္စတွင် လုံခြုံမှုသေတ္တာများကို ငွားရမ်းသည့် သက်တမ်း ကုန်ဆုံးသည့် နေ့ရက်၏ နေ့မွန်းတည့်ချိန်ထက် နောက်မကျစေဘဲ ငွားရမ်းသူက ကမ္ဘောဇဘဏ်သို့ ပေးအပ်ရမည်။

၈.၁။ ငွားရမ်းသူမှ ငွားရမ်းခြင်းကို ရပ်စဲကြောင်း ကမ္ဘောဇဘဏ်သို့ အသိပေးအကြောင်းကြားစာပေးပို့ခြင်း မရှိပါက ထို လုံခြုံမှုသေတ္တာကို မူလသက်တမ်းကုန်ဆုံးသော နေ့မှစ၍ အသစ်ထပ်မံငှားရမ်းသည်ဟု မှတ်ယူမည်ဖြစ်သည်။ သို့ရာတွင် စည်းကမ်းချက်နှင့် စာချုပ်အရ ကမ္ဘောဇဘဏ်မှရရှိသည့် အခွင့်အရေးကို မထိခိုက်စေရ။

## ၉။ လွှဲပြောင်းနိုင်မှု

၉.၁။ အကယ်၍ ငွေးရမ်းသူသေဆုံးလျှင် စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်မည်။ ငွေးရမ်းသူ သေဆုံးသည့် ကိစ္စရပ်မျိုးတွင် ငွေးရမ်းသူသည် တစ်ဦးတည်း ငွေးရမ်းသူဖြစ်စေ၊ (သို့မဟုတ်) တွဲဖက်ငွေးရမ်းသူ ဖြစ်စေ ငွေးရမ်းသူ၏ အကျိုးခံစားခွင့်ရှိသူသည် ကမ္ဘောဇဘဏ်မှ တောင်းခံသော လိုအပ်သည့် သက်သေ အထောက်အထား စာရွက်စာတမ်းများကို တင်ပြနိုင်ရမည်။ ငွေးရမ်းသူ သေဆုံးသည့် ကိစ္စရပ်မျိုးတွင် ကမ္ဘောဇဘဏ် လီမိတက်သည် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသည့် စာရင်းပိုင်ရှင်သေဆုံးလျှင် ဆောင်ရွက်ရမည့် သတ်မှတ်ချက်များအတိုင်း လိုက်နာရမည်ဖြစ်သည်။ အဆိုပါသတ်မှတ်ချက်များအရ တောင်းဆိုထားသော တရားဝင်စာရွက်စာတမ်းများကို မပေးမချင်း မည်သူ့ကိုမဆို လုံခြုံမှုသေတ္တာအား အသုံးပြုခွင့် သို့မဟုတ် ဖွင့်ခွင့်ပြုရန် တာဝန်မရှိပေ။

၉.၂။ ကမ္ဘောဇဘဏ်သည် အကျိုးခံစားခွင့်ရှိသူမှပေးသည့် သက်သေအထောက်အထား စာရွက်စာတမ်းများသည် သင့်လျော်သည် သို့မဟုတ် ကျိုးကြောင်းဆီလျော်သောသက်သေအထောက်အထားများဖြစ်သည်ဟု ၎င်း၏တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် ဆုံးဖြတ်ပြီးမှသာလျှင် အကျိုးခံစားခွင့်ရှိသူအား လုံခြုံမှုသေတ္တာကို အသုံးပြုခွင့် သို့မဟုတ် ဖွင့်ခွင့်ပြုမည်ဖြစ်သည်။

၉.၃။ ငွေးရမ်းသူသို့ ငွေးရမ်းထားသည့် လုံခြုံမှုသေတ္တာအား မည်သည့်အခြေအနေ၌မဆို လွှဲပြောင်းခွင့်မရှိဘဲ ငွေးရမ်းသူ (များ)ကသာ အသုံးပြုရမည်။

၉.၄။ ကမ္ဘောဇဘဏ်သည် ၎င်း၏အခွင့်အရေး၊ အကျိုးခံစားခွင့် (သို့မဟုတ်) တာဝန်များအားလုံးကို မည်သူ့ကိုမဆို လွှဲပြောင်း၊ လွှဲအပ် (သို့မဟုတ်) ရောင်းချခွင့်ရှိပြီး ဤစည်းကမ်းချက်များသည် ကမ္ဘောဇဘဏ်ကိုဆက်ခံသူ၊ လွှဲပြောင်းလက်ခံသူများ၏ အကျိုးအတွက် ဆက်လက်အာဏာသက်ရောက်စေရမည်။

## ၁၀။ လျော်ကြေးအာမခံခြင်း

၁၀.၁။ ဤစည်းမျဉ်းစည်းကမ်းချက်ပါတစ်ရပ်ရပ်ကို ငွေးရမ်းသူက ဖောက်ဖျက်သည့်အတွက် ဘဏ်တွင်တစ်စုံတစ်ရာ ဆုံးရှုံးခြင်း (သို့မဟုတ်) ပျက်ဆီးခြင်း ပေါ်ပေါက်လျှင် ထိုသို့သော ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းများအားလုံးအတွက် ငွေးရမ်းသူတွင်သာ အပြည့်အဝ တာဝန်ရှိစေမည် ဖြစ်သည်။

၁၀.၂။ လုံခြုံမှုသေတ္တာအသုံးပြုမှု၊ ဤစည်းကမ်းချက်တစ်ခုခုကို ငွေးရမ်းသူက ချိုးဖောက်မှု၊ မဆောင်ရွက်မှု၊ လုံလောက်အောင်မဆောင်ရွက်မှု (သို့မဟုတ်) ၎င်း၏ တာဝန်များ ဆောင်ရွက်ရာတွင် ငွေးရမ်းသူ၏ လုပ်ရပ်၊ (သို့မဟုတ်) ပေါ့ဆမှုမှဖြစ်ပေါ်လာသည့် မည်သည့်တာဝန်ရှိမှု၊ မည်သည့်အခြား ဆုံးရှုံးမှုကိုမျှ ကမ္ဘောဇဘဏ်မှတာဝန်

မရှိစေရန်၊ ငှားရမ်းသူသည် သူ/သူမ၏ ကိုယ်ပိုင်ကုန်ကျစရိတ်ဖြင့် ကင်းလွတ်ခွင့်ပြု၊ ကာကွယ်မည်ဟု သူ/ သူမက ဤစည်းကမ်းချက်များတွင် သဘောတူညီသည်။

၁၀.၃။ မည်သည့်အခြေအနေမျိုးတွင်မဆို ငှားရမ်းသူမှ ငှားရမ်းထားသည့် လုံခြုံမှုသေတ္တာနှင့်စပ်လျဉ်း၍ တိုက်ရိုက်၊ သွယ်ဝိုက်၊ အကျိုးဆက်၊ အထူးသတ်မှတ်ချက် (သို့မဟုတ်) တားမြစ်ခြင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများအတွက် ကမ္ဘောဇဘဏ်က ငှားရမ်းသူကို ပေးရန် တာဝန်မရှိစေရ။

၁၀.၄။ ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများ သို့မဟုတ် ဘဏ်ဝန်ထမ်းများမှ ကောက်ခံရရှိသည့် စာရွက်စာတမ်းတစ်ခုပေါ်တွင် ငှားရမ်းသူ၏ ထောက်ခံချက် သို့မဟုတ် အာမခံချက်ဖြင့် ငှားရမ်းသူ၏ တောင်းဆိုဖော်ပြချက်အရ ပေးအပ်ခဲ့သည့် ကိစ္စတိုင်းတွင် ကမ္ဘောဇဘဏ်မှ မည်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက်မဆို ငှားရမ်းသူတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

၁၀.၅။ ငှားရမ်းသူမှ ငှားရမ်းထားသော လုံခြုံမှုသေတ္တာနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်သည် ဤစည်းကမ်းချက်ပါ ကမ္ဘောဇဘဏ်၏ လုပ်ပိုင်ခွင့်များဆောင်ရွက်ရာတွင် ညွှန်ကြားချက်များလက်ခံခြင်း၊ ဖက်စ်ပေးပို့ခြင်းနှင့် အခြားဆက်သွယ်ရေး (သို့မဟုတ်) အီလက်ထရောနစ်ညွှန်ကြားချက်များအား ဆောင်ရွက်ခြင်း(သို့မဟုတ်) ဆောင်ရွက်ရန် ပျက်ကွက်ခြင်း တို့ကြောင့် ကမ္ဘောဇဘဏ်မှဖြစ်ပေါ်လာနိုင်သည့် အရေးယူမှုများ၊ တရားစွဲဆိုမှုများ၊ တောင်းဆိုမှုများ၊ နစ်နာဆုံးရှုံးမှုများ၊ ကုန်ကျမှုများ၊ အတိုး (တရားစီရင်ဆုံးဖြတ်မှုမတိုင်မီနှင့် ဆုံးဖြတ်ပြီးနောက် နှစ်ခုလုံးအပါအဝင်) နှင့် ကုန်ကျစရိတ်များ (ရှေ့နေနှင့်အမှုသည်ကြားအခြေခံသည့် ဥပဒေရေးရာစရိတ် အပါအဝင်) စသည်တို့အတွက် ငှားရမ်းသူတွင်သာ တာဝန်ရှိစေမည်ဖြစ်သည်။

## ၁၁။ အချက်အလက် ထုတ်ဖော်ပြောကြားခြင်း

ကမ္ဘောဇဘဏ်သည် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အခါ (သို့မဟုတ်) ကမ္ဘောဇဘဏ်မှ လိုအပ်သည့် (သို့မဟုတ်) အထောက်အကူပြုသည်ဟုယူဆသည့်အခါ (ငှားရမ်းသူတစ်ဦးတည်းဖြစ်စေ၊ အခြားသူများနှင့်တွဲဖက်၍ဖြစ်စေ ကမ္ဘောဇဘဏ်မှ ငှားရမ်းသူရယူထားသည့်ဝန်ဆောင်မှုများ၊ ချေးငွေတစ်ခုခု၏ ကြွေးမြီဆန်းစစ်မှုရည်ရွယ်ချက်အပါအဝင် ငှားရမ်းသူနှင့်သက်ဆိုင်သော အချက်အလက်များ၊ သူ/သူမ၏ လုံခြုံမှုသေတ္တာနှင့်ပတ်သောအချက်အလက်များ (သို့မဟုတ်) ငွေစာရင်း(များ)၊ (သို့မဟုတ်) ရရန်ပိုင်ခွင့်များ (သို့မဟုတ်) ချေးငွေများနှင့် မည်သည့်အချက် အလက်ကိုမဆို ငှားရမ်းသူ၏ ကိုယ်စား အောက်ပါတို့ထံသို့ ကမ္ဘောဇဘဏ်အားပေးခွင့်ပြုသည် -

၁၁.၁။ ကမ္ဘောဇဘဏ်၏ ရုံးချုပ်၊ အဖွဲ့ဝင်ကုမ္ပဏီ၊ ဘဏ်ခွဲ (သို့မဟုတ်) လက်အောက်ခံတစ်ခုခု၊

၁၁.၂။ စာရင်းစစ်များ၊ကျွမ်းကျင်အကြံပေးများနှင့် လျှို့ဝှက်ထားရှိရန်တာဝန်နှင့်သက်ဆိုင်သည့်အခြားပုဂ္ဂိုလ်(များ)၊

၁၁.၃။ ကမ္ဘောဇဘဏ်ကွန်ပျူတာစနစ်များကိုရောင်းချသူ၊ တပ်ဆင်ပေးသူ၊ ပြင်ဆင်ထိန်းသိမ်းသူ (သို့မဟုတ်) ပြုပြင်ပေးသူများ၊

၁၁.၄။ ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်ရုံးချုပ် (သို့မဟုတ်) ကမ္ဘောဇဘဏ်ခွဲတစ်ခုခုအပေါ်၊ သို့မဟုတ် ငှားရမ်းသူ (သို့မဟုတ်) ငှားရမ်းသူ၏ လုံခြုံမှုသေတ္တာနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်ရှိသော အာဏာပိုင်တစ်ခုခု၊

၁၁.၅။ အဆိုပါတောင်းဆိုမှု သို့မဟုတ် တောင်းခံမှုကို လုပ်ခွင့်ရှိသောအဖွဲ့တစ်ခုခု၊

၁၁.၆။ စည်းကမ်းချက်များအရ မိမိ၏အခွင့်အရေး၊ တာဝန် (သို့မဟုတ်) စွန့်စားရမှုများကို ရောင်းချ ရန် (သို့မဟုတ်) လွှဲအပ်ရန် (သို့မဟုတ်) မျှဝေရန် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မဟုတ်) ပဋိညာဏ်ပြုရန် ကမ်းလှမ်းသူတစ်ဦးဦး၊

၁၁.၇။ ငှားရမ်းသူ၏ လုံခြုံမှုသေတ္တာနှင့်ပတ်သောအချက်အလက်များ (သို့မဟုတ်) ငွေစာရင်း(များ)၊ (သို့မဟုတ်) ချေးငွေများ (သို့မဟုတ်) ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုများပေးရန်အတွက် ကမ္ဘောဇဘဏ်က ပဋိညာဉ်ပြုသူ (သို့မဟုတ်) ပဋိညာဏ်ပြုရန် ကမ်းလှမ်းသူတစ်ဦးဦး (အေးဂျင့်၊ ကန်ထရိုက်တာ (သို့မဟုတ်) တတိယ အဖွဲ့ ဝန်ဆောင်မှုပေးသူများ အပါအဝင်)။

၁၁.၈။ ငှားရမ်းသူနှင့်ဆက်ဆံရန် (သို့မဟုတ်) ငှားရမ်းသူကိုဝန်ဆောင်မှုပေးရန် (သို့မဟုတ်) ငှားရမ်းသူ၏ လုံခြုံမှုသေတ္တာနှင့်ပတ်သက်သောအချက်အလက်များ၊ ငွေစာရင်း(များ)၊ ချေးငွေများဆိုင်ရာလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆက်ဆံရေး အရာရှိများအပါအဝင် ကမ္ဘောဇဘဏ်၊ ကမ္ဘောဇဘဏ်၏ရုံးချုပ် (သို့မဟုတ်) အဖွဲ့ဝင်ကုမ္ပဏီကခန့်ထားသည့် (သို့မဟုတ်) အေးဂျင့်အဖြစ်ပါဝင်စေသည့် ပုဂ္ဂိုလ်တစ်ဦးဦး၊

၁၁.၉။ ဒေတာတွက်ချက်မှုနှင့် အခြားအုပ်ချုပ်ရေးလုပ်ငန်းများကို ကမ္ဘောဇဘဏ်က ဗဟိုထိန်းချုပ်နိုင်ရန် (သို့မဟုတ်) အထက်ပါဝန်ဆောင်မှု/လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်၏ရုံးချုပ်၊ ယင်း၏ အဖွဲ့ဝင်များ (သို့မဟုတ်) တတိယအဖွဲ့ များသို့ လုပ်ငန်းအပ်နှံနိုင်ရန် ဆောင်ရွက်ခြင်း၊

၁၁.၁၀။ ၎င်း/သူ/သူမ၏တာဝန်ကိုထမ်းဆောင်စဉ်တွင် ငှားရမ်းသူကပြစ်ချက်ကျူးလွန်သည့် ဖြစ်ရပ်တွင် အစိုးရ/စည်းကမ်းထိန်းသိမ်းရေး/တရားရေးအာဏာပိုင် တစ်ဦးဦးထံသို့ ပေးအပ်ခြင်း။

## ၁၂။ စွန့်လွှတ်မှု

၁၂.၁။ ဤစည်းကမ်းချက်ပါ ရပိုင်ခွင့်၊ အာဏာ (သို့မဟုတ်) အခွင့်အရေးကိုကျင့်သုံးရန် ကမ္ဘောဇဘဏ်ကပျက်ကွက် ခြင်း (သို့မဟုတ်) နှောင့်နှေးခြင်းသည် စွန့်လွှတ်ခြင်းမမှတ်ယူရပါ။ ထို့အတူ ရပိုင်ခွင့်၊ အာဏာ သို့မဟုတ် အခွင့်အရေးကို

တစ်ခုတည်း (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းတည်း ကျင့်သုံးမှုသည်လည်း အခွင့်အရေးများကို စွန့်လွှတ်ခြင်း မမြောက်စေရ။

၁၂.၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေအရပေးအပ်ထားသော အခွင့်အရေး (သို့မဟုတ်) ကုစားမှု တို့အပြင် ဤစည်းကမ်းချက်များတွင် ဖော်ပြထားသော ကမ္ဘောဇဘဏ်၏အခွင့်အရေးများနှင့် ကုစားမှုများအား ထပ်ပေါင်းထည့်ထားခြင်းဖြစ်သည်။

## ၁၃။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့်ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသောမလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှု မရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ်မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ်လာရသည့် မည်သည့်လုပ်ငန်း ဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်း များအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို ငွေးရမ်းသူသည် နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေများကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများ ကြုံတွေ့နေရသည့် အတိုင်းအတာအပေါ်မူတည်၍ အဆိုပါ အခြေအနေများ ပြီးဆုံးသွားသည့် အချိန်အထိ ကမ္ဘောဇဘဏ်က ပေးနေသည့်ဤဝန်ဆောင်မှုအား ဆိုင်းငံ့ထားမည်ဖြစ်သည်။ ထိုသို့သော အခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ် ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများအတွက် ကမ္ဘောဇဘဏ်အနေဖြင့် ငွေးရမ်းသူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင် ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၁၄။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၁၄.၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ နှင့်သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ ပါဝင်သည့် transaction များပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အားတားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၁၄.၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး နှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများ ကိုစီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့်စည်းမျဉ်းများနှင့်မဆို ကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်အားလုံးကို ငှားရမ်းသူကပေးအပ်ရမည်။

၁၄.၃။ မည်သည့် transaction မျိုးအတွက်မဆို ကမ္ဘောဇဘဏ်ကဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှုမရှိကြောင်း ငှားရမ်းသူကထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

**၁၅။ အထွေထွေ**

၁၅.၁။ ကမ္ဘောဇဘဏ်သို့ ငှားရမ်းသူကပေးထားသည့် ငှားရမ်းသူ၏လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း၊ email address၊ အထောက်အထားစာရွက်စာတမ်းများ (မှတ်ပုံတင်/ နိုင်ငံကူးလက်မှတ် စသည်) (သို့မဟုတ်) အခြား အချက်အလက် တစ်ခုခု အပြောင်းအလဲဖြစ်ပါက ငှားရမ်းသူသည် ကမ္ဘောဇဘဏ်သို့ ဖြစ်နိုင်သမျှစောလျင်စွာ အကြောင်းကြား ရမည်။

၁၅.၂။ ငှားရမ်းသူသည် ၎င်းငှားရမ်းထားသော လုံခြုံမှုသေတ္တာအသုံးပြုခြင်းအား ပိတ်သိမ်းရန်ရွေးချယ်ပါက ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲသို့ ငှားရမ်းသူသည် ကိုယ်တိုင်လာရောက်ရမည်ဖြစ်ပြီး ငှားရမ်းထားသည့် လုံခြုံမှုသေတ္တာအား ရှင်းလင်းပြီး ကမ္ဘောဇဘဏ်သို့ အပ်နှံရမည်။

၁၅.၃။ ကမ္ဘောဇဘဏ်သည် ငှားရမ်းသူ၏ ငှားရမ်းထားသည် လုံခြုံမှုသေတ္တာနှင့်သက်ဆိုင်သည့် အချက်အလက်များကို စစ်ဆေးမည်ဖြစ်ပြီး ငှားရမ်းသူမှ ပေးဆပ်ရန်ကျန်ရှိပါက ကမ္ဘောဇဘဏ်ရှိ ငှားရမ်းသူ၏ မည်သည့်အကောင့် အမျိုးအစားမှမဆို နှုတ်ယူပိုင်ခွင့်ရှိသည်။ ကမ္ဘောဇဘဏ်ထံသို့ ငှားရမ်းသူကပေးရန် ကျန်ရှိသည့်ပမာဏအတွက် ငှားရမ်းသူက ပေးချေမှုပြုပြီးမှသာလျှင် ငှားရမ်းထားသည့် လုံခြုံမှုသေတ္တာရှိ ပစ္စည်းများအား ငှားရမ်းသူအနေဖြင့် ရယူပိုင်ခွင့်ရှိမည်ဖြစ်သည်။

၁၅.၄။ ကမ္ဘောဇဘဏ်သည် ငှားရမ်းသူ၏ လုံခြုံမှုသေတ္တာနှင့်ပတ်သတ်သော သတင်းအချက်အလက်များအား တရားရုံးနှင့် အစိုးရအာဏာပိုင်များထံ ပေးရန်လိုအပ်လာပါက ပေးပိုင်ခွင့်ရှိကြောင်း ငှားရမ်းသူမှ သိရှိသဘောတူပါသည်။

၁၅.၅။ ဤဝန်ဆောင်မှုအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၁၅.၆။ ဤဝန်ဆောင်မှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

## ၁၆။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ် ဖြင့်ဖြစ်စေ ပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ်အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏မူပိုင်ဖြစ်သည်။ ငွေးရမ်းသူသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ငွေးရမ်းသူသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၁၇။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့်အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှ ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုပ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ငွေးရမ်းသူက သိရှိသဘောတူပါသည်။ ဝဘ်ဆိုက်တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ငွေးရမ်းသူတွင် တာဝန်အပြည့်အဝရှိပါသည်။

## ၁၈။ လွှဲပြောင်းခြင်းနှင့် ဆက်ခံခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ အသုံးပြုသူသည် မိမိ၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့အား ကမ္ဘောဇဘဏ်၏ စာဖြင့် ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ဆောင်ရွက်ခြင်း မပြုရပါ။ ကမ္ဘောဇဘဏ်သည် ဤစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို မည်သည့်အချိန်တွင်မဆို မိမိ၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ဝတ္တရားများ ကို ကမ္ဘောဇဘဏ်၏ မည်သည့် တာဝန်ပေးအပ်ခြင်း ခံရသူသို့ဖြစ်စေ သို့မဟုတ် မည်သည့် ဆက်ခံသူသို့ဖြစ်စေ လွှဲပြောင်းခြင်း သို့မဟုတ် တာဝန်ပေးအပ်ခြင်းတို့ ပြုလုပ်ခွင့်ရှိမည်ဖြစ်သည်။

## ၁၉။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား ဥပဒေနှင့်မညီသည့် မည်သည့် ရည်ရွယ်ချက်အတွက်မှ အသုံးပြုမည်မဟုတ်ကြောင်းကို ငှားရမ်းသူမှ အာမခံသည်ဖြစ်သည်။ ဝန်ဆောင်မှုများကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ငှားရမ်းသူမှ သဘောတူသည်ဖြစ်သည်။

## ၂၀။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့် မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ပျက်ပြယ်ခြင်း သို့မဟုတ် ဥပဒေတစ်ရပ်ရပ်အရ အာဏာသက်ရောက်မှု မရှိတော့ခြင်းများဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။

## ၂၁။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်းဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေရမည်ဖြစ်သည်။

**၂၂။ ဘာသာစကား**

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်သောကြောင့် ကွဲလွဲမှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များ ကိုသာလျှင် အမှန်ယူရမည်ဖြစ်သည်။